Australian Government

ယခုပင် အရေးတယူ ဆောင်ရွက်ပါ။
ဘေးကင်းလုံခြုံအောင်နေပါ။

# အွန်လိုင်းတွင် လုံခြုံအောင်နေနိုင်ပုံ နည်းလမ်း

ဖတ်ရလွယ်ကူပုံစံ

Easy Read



# ဤလမ်းညွှန်ကို သုံးစွဲရန်နည်းလမ်း




ကျွန်ုပ်တို့သည် ဩစတြေးလျားအစိုးရဖြစ်သည်။

ဤလမ်းညွှန်ကို ကျွန်ုပ်တို့ ရေးသားခဲ့သည်။



အချို့ စကားလုံးများမှာ **မည်းနက်**နေသည်။

ဤစကားလုံးများ၏ အဓိပ္ပါယ်ကို ရှင်းပြပါမည်။

ဤစကားလုံးများပါ စာရင်းတစ်ခုလည်း စာမျက်နှာ <u>31</u> တွင်ရှိပါသည်။



အောက်ပါတို့အတွက် အထောက်အကူရရန် ယုံကြည်ရသူ တစ်ဦးဦးကို သင် မေးမြန်းနိုင်ပါသည်။

- ဤလမ်းညွှန်ကို ဖတ်ရှုရန်
- အချက်အလက်ပိုရှာရန် တို့အတွက်ဖြစ်သည်။

လမ်းညွှန်နောက်တစ်ခု၏ ဖတ်ရလွယ်ကူသော အတိုချုပ်ဖြစ်ပါသည်။

အရေးအကြီးဆုံး အကြံဉာဏ်များသာ ပါဝင်ပါသည်။



အခြားလမ်းညွှန် ကို ကျွန်ုပ်တို့ ဝဘ်ဆိုဒ်တွင် တွေ့ရှိနိုင်ပါသည်။

www.actnowstaysecure.gov.au

# ဤလမ်းညွှန်တွင် မည်သည်တို့ ပါဝင်သနည်း။


| | |
|---|---|
| ဤလမ်းညွှန်အကြောင်း | 5 |
| သင့်စာရင်းများကို လုံခြုံအောင်ထားပါ | 8 |
| သင့်အချက်အလက်များကို ကာကွယ်ရန် ချိန်ညှိထားချက်များ (Settings) ကို စိစစ်ပါ | 12 |
| သင်၏ ကိရိယာများကို ကာကွယ်ပါ | 18 |
| လိမ်လည်လှည့်ဖြားမှုများ | 22 |
| ဖွင့်ဟပြောဆိုပါ | 28 |
| ဝေါဟာရ စာရင်း | 31 |
| ကျွန်ုပ်တို့အား ဆက်သွယ်ပါ | 34 |

# ဤလမ်းညွှန်အကြောင်း



အွန်လိုင်းတွင် မည်သို့လုံခြုံအောင် နေနိုင်မည့်အကြောင်း ကျွန်ုပ်တို့အားလုံး စဉ်းစားရန်လိုအပ်ပါသည်။

ကျွန်ုပ်တို့က ၎င်းကို **ဆိုင်ဘာ** လုံခြုံရေးဟုခေါ်ပါသည်။



ဆိုင်ဘာ ဆိုသည်မှာ အင်တာနက်နှင့်သက်ဆိုင်သည့် တစ်စုံတစ်ရာဟု အဓိပ္ပါယ်ပေါ်ပါသည်။



မိမိကိုယ်မိမိ အွန်လိုင်းကာကွယ်ရန် လုပ်နိုင်သော အရာအချို့ကို ဤလမ်းညွှန်က ရှင်းပြထားသည်။

ဥပမာအားဖြင့် **ဆိုင်ဘာ ရာဇဝတ်မှု** အကြောင်းဖြစ်သည်။

ဆိုင်ဘာ ရာဇဝတ်မှုသည် ရာဇဝတ်ကောင်များက အင်တာနက် သုံးစွဲ၍ ကျူးလွန်သည့် ရာဇဝတ်မှုကို ခေါ်ပါသည်။



ဥပမာအားဖြင့်၊ အင်တာနက်သုံး၍ အောက်ပါရာဇဝတ်မှု ကျူးလွန်ရန်ဖြစ်သည်။

- သင်၏ကိုယ်ရေး အချက်အလက်များကို ခိုးယူရန်ဖြစ်သည်
- သင်၏ အွန်လိုင်း စာရင်းများ သို့မဟုတ် ကိုယ်ရေးပုံများ လွှဲပြောင်းသုံးစွဲရန်ဖြစ်သည်။

ဆိုင်ဘာ ရာဇဝတ်မှုသည် သုံးစွဲသည့်မည်သည့်စက် ကိရိယာတွင်မဆို ဖြစ်ပွားနိုင်သည်။



၎င်းတွင်ပါဝင်နိုင်သည်တို့မှာ။

- ကွန်ပျူတာ
- စမတ်ဖုန်း
- စမတ် လက်ပတ်နာရီတို့ဖြစ်ကြသည်။



ဆိုင်ဘာ ရာဇဝတ်မှုမှ ဘေးကင်းအောင်နေနိုင်ရန် လုပ်နိုင်သည့် အရာများ ရှိပါသည်။



သင်လုပ်နိုင်သည်များကို နောက်စာမျက်နှာများတွင် ရှင်းပြထားသည်။

# သင့်စာရင်းများကို လုံခြုံအောင်ထားပါ



အွန်လိုင်း စာရင်းများကို လုံခြုံအောင်ထားနိုင်မည့် နည်းလမ်း အကြောင်း ဆင်ခြင်သုံးသပ်သင့်ပါသည်။

## အားကောင်းပြီးကွဲပြားသော လျှို့ဝှက်စကားစုများကို သုံးစွဲပါ



**လျှို့ဝှက်စကားစု**သည် ပိုမိုအားကောင်းသော လျှို့ဝှက်စကားလုံး ဖြစ်သည်။

အခြားသူများအဖို့ ခန့်မှန်းရ အလွန်ခက်ခဲပါသည်။



အားကောင်းပြီးကွဲပြားသော စကားစုများကို သုံးစွဲခြင်းသည် သင့် စာရင်းများကိုကာကွယ်ရန် အကောင်းဆုံးနည်းလမ်းများအနက် တစ်ခု ဖြစ်ပါသည်။



သင်၏ အွန်လိုင်းစာရင်း တစ်ခုစီအတွက် ကွဲပြားသော လျှို့ဝှက်စကားစု တစ်ခုစီ အသုံးပြုသင့်သည်။

အားကောင်းသော လျှို့ဝှက်စကားစုများမှာ။




- အစဉ်လိုက်မဟုတ်သော ကြုံရာ စကားလုံး ၄ လုံး သို့မဟုတ် ပို၍ ပါဝင်ရမည်
- အက္ခရာများနှင့် နံပါတ်များ ၁၅ လုံး သို့မဟုတ် ပို၍ ပါဝင်ရမည်။




စာလုံးကြီး အက္ခရာအချို့ ထည့်သွင်းနိုင်သည်။

အောက်ပါကဲ့သို့ သင်္ကေတများကိုလည်း အသုံးပြုနိုင်ပါသည်။




- မျဉ်းတို –
- ဒေါ်လာ သင်္ကေတ $
- အီးမေးလ်သင်္ကေတ @။



လျှို့ဝှက်စကားစုများတွင် သင်၏ကိုယ်ရေးအချက်အလက်များကို အသုံးမပြုသင့်ပါ။

ဥပမာ။



- သင်၏မွေးသက္ကရာဇ်
- သင့်မိသားစုဝင်များ၏ အမည် သို့မဟုတ် အိမ်မွေးတိရစ္ဆာန်များ၏အမည်။

## သင့်စာရင်းများကို ဖွင့်ဝင်ရန် အဆင့်အပိုများကို ထည့်သွင်းပါ



အွန်လိုင်း စာရင်းများကို (**ဗဟုပုံစံအရ စမ်းစစ်အတည်ပြုခြင်း (multi-factor authentication (MFA)**) ဖြင့်ကာကွယ်ပေးနိုင်သည်။

MFA သည် သင့်စာရင်းများ ကို ဖွင့်ဝင်တိုင်း ကွဲပြားသော နည်းလမ်း ၂ မျိုး သို့မဟုတ် ၎င်းထက်ပို၍ အသုံးပြုသည့်အခါ ဖြစ်ပါသည်။




ဥပမာ၊ သင်၏ လျှို့ဝှက်စကားစုကို ဦးစွာ ထည့်သွင်းရနိုင်သည်။

ယင်းနောက် သင့်ဖုန်းမှတစ်ဆင့်ရရှိမည့် လျှို့ဝှက်နံပါတ်ကို ထည့်သွင်းရမည်။

အောက်ပါတို့အနက် တစ်ခုခုကို သင် ရွေးချယ်နိုင်ကောင်းမည်။



- လျှို့ဝှက်နံပါတ် ရရှိရန် ဖုန်းထဲတွင် အက်ပ်ကို ထည့်သွင်းထားရနိုင်သည်



- လျှို့ဝှက်နံပါတ်ကို အီးမေးလ်ဖြင့် ရရှိနိုင်သည်



- လျှို့ဝှက်နံပါတ်ကို အမှာစာအတိုဖြင့် ရရှိနိုင်သည်။



MFA ကြောင့် အခြားသူများအဖို့ သင့်အွန်လိုင်း အကောင့်များကို ဝင်ကြည့်ရန် ခက်ခဲစေပါသည်။

သင်၏ လျှို့ဝှက်စကားစုကို သိရှိသွားသည့်တိုင် ခက်ခဲစေပါသည်။

# သင့်အချက်အလက်များကို ကာကွယ်ရန် ချိန်ညှိထားချက်များ (Settings) ကို စိစစ်ပါ



သင့် ချိန်ညှိထားချက်များသည် သင်၏ အွန်လိုင်းအချက်အလက်များကို ကာကွယ်ပေးနေခြင်းကို စိစစ်နိုင်သည်။



သင်၏ ချိန်ညှိထားချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်။

- အွန်လိုင်း စာရင်းများ
- ကိရိယာများ
- အက်ပ်များ။

သင်လုပ်နိုင်သည်တို့မှာ။



- ချိန်ညှိထားချက်များကို ပြောင်းလဲခြင်း
- သင့်အချက်အလက်များကို အသုံးပြုနိုင်သည့် အက်ပ်များကို ရွေးချယ်ခြင်းတို့ဖြစ်သည်။

ချိန်ညှိထားချက်များကို သင့်ကိရိယာတွင် အောက်ပါနည်းလမ်း အရ ရှာနိုင်သည်။



- ဂီယာ ပုံရိပ်ကို ရှာခြင်း
- သို့မဟုတ်
- သင့်ကိရိယာ၏ ရှာဖွေရေးအကွက်တွင် (အင်္ဂလိပ် စကားလုံး 'settings') ကို ရိုက်ထည့်ခြင်း။

ရွေးချယ်စာရင်းကို ဖွင့်လိုက်ခြင်းဖြင့် အက်ပ်တွင် သို့မဟုတ် အွန်လိုင်း စာရင်းတွင် ချိန်ညှိထားချက်များကို တွေ့ရှိနိုင်သည်။



ရွေးချယ်စာရင်းသည် များသောအားဖြင့် မျဉ်းဖြောင့် ၃ ကြောင်းနှင့်တူပါသည်။

ဤချိန်ညှိထားချက်အချို့တွင်



အောက်ပါအချက်အလက်အလက်များ ပါဝင်နိုင်သည်။

- သင် မည်သူဖြစ်သည်
- သင် မည်သည့်နေရာ၌ ရှိနေသည်
- သင်နေထိုင်ရာ နေရာ။



ဤအချက်အလက်များကို အွန်လိုင်းတွင် ဖလှယ်ပေးခြင်းဖြင့် သင့်အပေါ် ဆိုင်ဘာ ရာဇဝတ်မှု အန္တရာယ် ကျရောက်စေနိုင်ပါသည်။



ဆိုင်ဘာ ရာဇဝတ်ကောင်များသည် သင်၏အချက်အလက်များကို သင်အဖြစ် အယောင်ဆောင်ကာ သုံးစွဲနိုင်ပါသည်။

ဥပမာ၊ ၎င်းတို့အနေဖြင့် အောက်ပါအချက်အလက်များကို သုံးစွဲနိုင်သည်။



- သင်နေထိုင်ရာ နေရာ



- သင့်မိသားစုဝင်များ၏ အမည်များ



- သင့် အိမ်မွေးတိရစ္ဆာန်များ၏ အမည်များ။



သင့်စာရင်းများကို သတ်မှတ်ကန့်သတ် ပေးထားနိုင်သောကြောင့် သင်၏ လူမှုမီဒီယာ ကိုယ်ရေးပုံများကို သင်သိသူများကိုသာ မြင်တွေ့စေနိုင်ပါသည်။

ဥပမာ၊ သင်၏ ဖွေ့စ်ဘွတ် ကိုယ်ရေးကိုယ်ရေးပုံ။



ဤချိန်ညှိထားချက်များကို ကိုယ်ရေးလုံခြုံမှုဆိုင်ရာ ချိန်ညှိထားချက်များ (Privacy Settings) ဟု သာမန်အားဖြင့်ခေါ်ပါသည်။



သင်၏ **တည်နေရာပြ ချိန်ညှိထားချက်များ**ကိုလည်း သင် ထိန်းချုပ်နိုင်ပါသည်။

တည်နေရာပြ ချိန်ညှိထားချက်များသည် သင်၏ ကိရိယာ တည်ရှိရာနေရာကို ပြသသည်။



တည်နေရာပြ ချိန်ညှိထားချက်များကို ဖွင့်လိုက်၊ ပိတ်လိုက် လုပ်နိုင်ပါသည်။

တည်နေရာပြ ချိန်ညှိထားချက်များကို အသုံးပြုနိုင်သည့် အက်ပ်များကိုလည်း သင် ရွေးသုံးနိုင်ပါသည်။



ဤသို့ဖြင့် အောက်ပါတို့အတွက် သင် လုပ်နိုင်သည်။

- အွန်လိုင်း စာရင်းများ
- ကိရိယာများ
- အက်ပ်များ။

အချို့အက်ပ်များသည် အောက်ပါတို့ကို လုပ်နိုင်
မလုပ်နိုင်ခြင်းကိုလည်း သင့်အား ခွင့်တောင်းနိုင်သည်။



- သင့် ကင်မရာကို အသုံးပြုရန်



- သင့် ဓာတ်ပုံများကို ကြည့်ရှုရန် တို့ဖြစ်သည်။



သင် အကျွမ်းဝင်သော အက်ပ်များကိုသာ ကင်မရာနှင့် ဓာတ်ပုံများကို သင် သုံးစွဲ ခွင့်ပေးသင့်ပါသည်။

# သင်၏ ကိရိယာများကို ကာကွယ်ပါ



အွန်လိုင်းတွင် သင့် ကိရိယာများ လုံခြုံနေအောင် ကာကွယ်ပေးနိုင်ပုံကို စဉ်းစားသင့်သည်။

ဥပမာ၊ သင့် ဖုန်း သို့မဟုတ် စမတ်လက်ပတ်နာရီ။



ဤကိစ္စသည် အင်တာနက်နှင့်ချိတ်သည့် ကိရိယာများအတွက် အရေးကြီးပါသည်။

## သင်၏ ကိရိယာများကို အပ်ပ်ဒိတ် (အချိန်နှင့် တပြေးညီ ပြုပြင်မွမ်းမံမှု) လုပ်ပါ



အွန်လိုင်းတွင် လုံခြုံနေစေရန် သင်၏ ကိရိယာများကို **အပ်ပ်ဒိတ် လုပ်**ပေးနိုင်သည်။

ဥပမာ၊ သင့် ဖုန်းနှင့် လက်ဆွဲကွန်ပျူတာ။



၎င်းကို ကိရိယာ ဆော့ဖ်ဝဲ အပ်ပ်ဒိတ် (software update) ဟုခေါ်ပါသည်။



အပ်ပ်ဒိတ် လုပ်ခြင်းများအားဖြင့် ဆိုင်ဘာ ရာဇဝတ်မှုများမှ ကိရိယာကို ကာကွယ်ပေးသည်။



ကိရိယာက အလိုအလျောက် အပ်ပ်ဒိတ်လုပ်သွားရန် သင် သတ်မှတ်ပေးထားနိုင်သည်။



သင်၏ ကိရိယာများကို အပ်ပ်ဒိတ်လုပ်နိုင်သည့် နည်းလမ်း အကြောင်း ကျွန်ုပ်တို့၏ ဝဘ်ဆိုဒ်တွင် သင် ပိုမိုလေ့လာနိုင်ပါသည်။

www.actnowstaysecure.gov.au/cyber-safe-actions

## အများသုံး ဝိုင်ဖိုင် (Wi-Fi) ကွန်ရက်များ



**အများသုံး ဝိုင်ဖိုင်** (Wi-Fi)ကိုအသုံးပြုသည့်အခါ သင် သတိထားသင့်သည်။




အများသုံး ဝိုင်ဖိုင် (Wi-Fi) သည် အများပြည်သူနေရာများ၌ သင် အခမဲ့ သုံးစွဲနိုင်သည့် ကြိုးမဲ့ အင်တာနက် ဖြစ်ပါသည်။



ဥပမာ၊ အောက်ပါနေရာများတွင်ဖြစ်သည်။

- ကဖေး
- လေယာဉ်ကွင်း
- ဟိုတယ်။



အများသုံး Wi-Fi သုံးစွဲနေစဉ် ဝဘ်ဆိုဒ်အတွင်း မည်သည့်အချက်အလက်များ ထည့်သွင်း မည်ကို သင် သတိထားသင့်သည်။



ဥပမာ၊ သင်၏ အောက်ပါအချက်အလက်များကဲ့သို့ ဖြစ်သည်။

- ဘဏ်စာရင်းအသေးစိတ်များ
- အီးမေးလ်စာရင်းများ
- လူမှုမီဒီယာ ကိုယ်ရေးပုံများ။

အချို့ဆိုင်ဘာ ရာဇဝတ်ကောင်များသည် အများသုံး Wi-Fi ကို အောက်ပါတို့အတွက် အသုံးပြုနိုင်သည်။



- အွန်လိုင်းတွင် သင် လုပ်နေသည့်အရာကို ကြည့်ရှုရန်
- သင့်အချက်အလက်များကို ခိုးယူရန်တို့ဖြစ်ပါသည်။

ဤသို့ဖြစ်နိုင်ခြင်းမှာ၊



- မည်သူမဆို ၎င်းကို အသုံးပြုနိုင်သောကြောင့်နှင့်



- သင့် ကိရိယာများကို ကာကွယ်ပေးရန် ပိုမိုခက်ခဲသောကြောင့်ဖြစ်ပါသည်။



အများသုံး Wi-Fi ကို မည်သို့ ဘေးကင်းစွာ သုံးစွဲနိုင်ကြောင်းကို ကျွန်ုပ်တို့၏ ဝဘ်ဆိုဒ်တွင် သင် လေ့လာနိုင်ပါသည်။

www.actnowstaysecure.gov.au/cyber-safe-actions

# လိမ်လည်လှည့်ဖြားမှုများ



တစ်ဦးတစ်ယောက်က အောက်ပါတို့ကို လုပ်ဆောင်ရန် ကြိုးစားအားထုတ်သည့်အခါ ၎င်းကို **လိမ်လည်လှည့်ဖြားမှု (scam)** ဟုခေါ်ပါသည်။

- သင့်အား လှည့်ဖြားခြင်း
- သင့်ငွေကြေးကို ရယူခြင်းတို့ဖြစ်သည်။



**လိမ်လည်လှည့်ဖြားသူ** ဆိုသည်မှာ လိမ်လည်လှည့်ဖြားမှုကို ကျူးလွန်သူဖြစ်သည်။



လိမ်လည်လှည့်ဖြားသူများသည် သင့်အား အောက်ပါတို့အရ လှည့်ဖြားရန် ကြိုးစားနိုင်သည်။

- အမှာစာအတို သို့မဟုတ် ဖုန်းဆက်ခြင်း
- အီးမေးလ်
- လူမှုမီဒီယာ
- ဝက်ဘ်ဆိုဒ် တို့ဖြစ်ကြသည်။



၎င်းတို့သည် ရင်းနှီးဖော်ရွေပုံရနိုင်သည်။

သို့သော် သင့်အချက်အလက်များကို ပေးအပ်စေရန် သင့်အား လှည့်ဖြားနိုင်သည်။

၎င်းတို့က ယင်းကိုအသုံးပြုပြီး အောက်ပါတို့ကိုလုပ်ဆောင်နိုင်သည်။



- သင့် အွန်လိုင်း စာရင်းများထဲသို့ ဝင်ရောက်ရန်



- သင်ဖြစ်သည်ဟု အယောင်ဆောင်ရန်



- သင့်ငွေကြေးကို ခိုးယူရန် တို့ဖြစ်ပါသည်။

လိမ်လည်လှည့်ဖြားသူများသည် အောက်ပါတို့ကိုလည်း လုပ်ဆောင်နိုင်သည်။



- သင့်အား လှည့်ဖြားရန်အတွက် စာရင်းအတုများကို ဖန်တီးသည်



- သင် နှိပ်ရန် အချိတ်အဆက် လင့်ခ်များနှင့် ကြော်ငြာများကို မျှဝေပေးသည်။

# လိမ်လည်လှည့်ဖြားမှုကို သိနိုင်မည့် နည်းလမ်း

အကယ်၍ အောက်ပါတို့ကို လုပ်ခိုင်းပါက
လိမ်လည်လှည့်ဖြားမှုဖြစ်နိုင်သည်။



- သင့်အား တစ်စုံတစ်ရာကို အလျင်အမြန် လုပ်ခိုင်းလျှင်



- သင့်အား ငွေကြေး အများအပြားပေးမည်ဟု ကမ်းလှမ်းလျှင်



- သင့်ထံမှ ငွေကြေးတောင်းခံလျှင်



- အချိတ်အဆက်လင့်ခ်ကို နှိပ်ခိုင်းလျှင် တို့ဖြစ်ပါသည်။



လိမ်လည်လှည့်ဖြားသူများသည် သင် သိပြီး ယုံကြည်ရသည့် အဖွဲ့အစည်းတစ်ခုအဖြစ်လည်း အယောင်ဆောင်နိုင်သည်။

ဥပမာ၊ သင်၏ ဘဏ်တိုက်။



လိမ်လည်လှည့်ဖြားသူများသည် ဤသို့လုပ်ကြသည် သို့မှသာ သင့်အနေဖြင့် မိမိ၏ကိုယ်ရေးအချက်အလက်များကို ၎င်းတို့အား ပေးကမ်းမည်ဖြစ်ပါသည်။



ပြောဆိုနေသူမှာ လိမ်လည်လှည့်ဖြားသူတစ်ဦးဖြစ်သည်ဟု သင် ထင်မြင်ပါက ၎င်းနှင့်စကားဖြတ်သင့်ပါသည်။



ထိုလူ မည်သူမည်ဝါဖြစ်သည်ဟု ပြောဆိုသည်ကို သင် စစ်ဆေးသင့်သည်။

သင်ယုံကြည်ရပြီး သင်ကိုယ်တိုင် ရှာဖွေရရှိသည့် အသေးစိတ် အချက်အလက်များကိုသုံး၍ လူ သို့မဟုတ် အဖွဲ့အစည်းကို ဆက်သွယ်နိုင်ပါသည်။



အကယ်၍ တစ်ခုခု မှားနေသည်ဟု ထင်မှတ်ရပါက

မိမိကိုမိမိ အမြန်ကာကွယ်ပါ။

## လိမ်လည်လှည့်ဖြားမှုကို တိုင်တန်းခြင်း



Scamwatch သည် ဩစတြေးလျနိုင်ငံသားများအား

လိမ်လည်လှည့်ဖြားမှုများကို။

- နားလည်ရန်
- တိုင်တန်းရန် ကူညီပေးပါသည်။



Scamwatch သည် လိမ်လည်လှည့်ဖြားခံခဲ့ကြရသည့်

ဩစတြေးလျား နိုင်ငံသားများကိုလည်း

ကူညီပေးပါသည်။



လိမ်လည်လှည့်ဖြားမှု တစ်စုံတစ်ရာကို

Scamwatch ဝဘ်ဆိုဒ်တွင် တိုင်တန်းနိုင်ပါသည်။

www.scamwatch.gov.au/report-a-scam

# ဖွင့်ဟပြောဆိုပါ



အွန်လိုင်းတွင် အခြားသူများအနေဖြင့် မိမိကိုယ်မိမိ ကာကွယ်နိုင်ပုံကို သင် ဖွင့်ဟပြောဆိုသင့်သည်။

၎င်းနည်းလမ်းများမှာ။



- ဆိုင်ဘာ ရာဇဝတ်မှုကို တိုင်တန်းခြင်း



- သင် သိသမျှကို မိသားစုနှင့် မိတ်ဆွေများအား ပြောပြခြင်း။



သင် မည်သို့ဖွင့်ဟပြောဆိုနိုင်ကြောင်း နောက်စာမျက်နှာများတွင် ကျွန်ုပ်တို့ရှင်းပြပါမည်။

# ဆိုင်ဘာ ရာဇဝတ်မှုကို တိုင်တန်းပါ

ဆိုင်ဘာ ရာဇဝတ်မှုကို တိုင်တန်းခြင်းအားဖြင့် အစိုးရအား အောက်ပါတို့အရ ကူညီပေးရာရောက်ပါသည်။



- ဆိုင်ဘာ ရာဇဝတ်ကောင်များက လူများအား မည်သို့လှည့်ဖြားရန် ကြိုးစားသည်ကို လေ့လာရန်



- နောက်ထပ်လူများအား ကာကွယ်ပေးရန် တို့ဖြစ်ပါသည်။



ဆိုင်ဘာ ရာဇဝတ်မှုကို ReportCyber ဝဘ်ဆိုဒ်တွင် တိုင်တန်းနိုင်ပါသည်။

www.cyber.gov.au/report

# အွန်လိုင်းတွင် ဘေးကင်းအောင်နေခြင်းအကြောင်းကို မိသားစုနှင့် မိတ်ဆွေများအား ပြောဆိုပါ



အွန်လိုင်းတွင် လုံခြုံဘေးကင်းအောင်နေခြင်းနှင့် ပတ်သက်ပြီး သင်၏ အကြံပြုချက်များကို မိသားစုနှင့် မိတ်ဆွေများအား ပြောပြသင့်ပါသည်။

၎င်းတို့ထံမှလည်း သင် လေ့လာသင်ယူနိုင်ပါသည်။



အွန်လိုင်းတွင် ဘေးကင်းအောင်နေခြင်းအကြောင်း သင်သိသမျှကို ပြောပြခြင်းဖြင့် သင်ကိုယ်တိုင်နှင့် ရင်းနှီးသူများအား ကာကွယ်ပေးနိုင်ပါသည်။



၎င်းသည် အကယ်၍ သင်၏ ကိရိယာများကို အခြားသူများနှင့် မျှဝေသုံးစွဲလျှင်လည်း အရေးကြီးပါသည်။

# ဝေါဟာရ စာရင်း

စာလုံး**အမည်း**များမှာ ဘာကိုဆိုလိုသည်ကို ဤစာရင်းတွင် ရှင်းပြထားသည်။



**ဆိုင်ဘာ**

ဆိုင်ဘာ ဆိုသည်မှာ အင်တာနက်နှင့်စပ်ဆိုင်သော တစ်စုံတစ်ရာကို ဆိုလိုခြင်းဖြစ်သည်။

**ဆိုင်ဘာ ရာဇဝတ်မှု**



ဆိုင်ဗာ ရာဇဝတ်မှုသည် ရာဇဝတ်ကောင်များက အင်တာနက် သုံးစွဲ၍ ကျူးလွန်သည့် ရာဇဝတ်မှုဖြစ်သည်။

ဥပမာ၊ ၎င်းတို့က အောက်ပါတို့ကျူးလွန်ရန် အင်တာနက် သုံးစွဲနိုင်သည်။

- သင်၏အချက်အလက်များကို ခိုးယူရန်
- သင်၏အွန်လိုင်းစာရင်းများကိုအပိုင်စီးရန် တို့ဖြစ်သည်။



## တည်နေရာပြ ဆက်တင်များ

တည်နေရာပြ ဆက်တင်များသည် သင်၏ကိရိယာ တည်ရှိရာကို ပြသသည်။



## ဗဟုပုံစံအရ စမ်းစစ်အတည်ပြုခြင်း (Multi-factor authentication – MFA)

MFA သည် သင့်စာရင်းထဲ ဝင်တိုင်း ကွဲပြားသော နည်းလမ်း ၂ မျိုး သို့မဟုတ် ၎င်းထက်ပို၍ အသုံးပြုသည့်အခါ ဖြစ်ပါသည်။



## လျှို့ဝှက်စကားစု

လျှို့ဝှက်စကားစုသည် ပိုမိုအားကောင်းသော လျှို့ဝှက်စကားလုံး ဖြစ်သည်။

အခြားသူများအဖို့ ၎င်းစကားစုကို ခန့်မှန်းရန် အလွန်ခက်ခဲစေပါသည်။





**အများသုံး Wi-Fi**

အများသုံး Wi-Fi သည် အများပြည်သူနေရာများ၌ သုံးစွဲနိုင်သည့် အခမဲ့ ကြိုးမဲ့ အင်တာနက်ဖြစ်ပါသည်။

**လိမ်လည်လှည့်ဖြားမှုများ**



တစ်စုံတစ်ယောက်က အောက်ပါတို့လုပ်ဆောင်ရန် ကြိုးစားသည့်အခါ လိမ်လည်လှည့်ဖြားမှု ဟုခေါ်ပါသည်။

- သင့်အား လှည့်ဖြားရန်
- သင့်ငွေကြေးကို ရယူရန် တို့ဖြစ်ပါသည်။



**လိမ်လည်လှည့်ဖြားသူများ**

လိမ်လည်လှည့်ဖြားသူသည် လိမ်လည်လှည့်ဖြားမှု ကျူးလွန်သူဖြစ်သည်။

# ကျွန်ုပ်တို့အား ဆက်သွယ်ပါ

ဩစတြေးလျန်း ဆိုင်ဘာ လုံခြုံရေး အရေးပေါ် ဖုန်းလိုင်း (Australian Cyber Security Hotline) သို့ဖုန်းဆက်နိုင်ပါသည်။

1300 292 371

ကျွန်ုပ်တို့၏ ဝဘ်ဆိုဒ်သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

www.actnowstaysecure.gov.au

ဆိုင်ဘာ ရာဇဝတ်မှုကို ReportCyber ဝဘ်ဆိုဒ်တွင် တိုင်တန်းနိုင်ပါသည်။

www.cyber.gov.au/report

---

အချက်အလက် ရယူသုံးစွဲရေး အဖွဲ့ (Information Access Group) သည် အသင့်သိုလှောင်ထားသည့်အွန်လိုင်းဓာတ်ပုံများနှင့် အသင့်လုပ်စိတ်ကြိုက်ပုံများကို သုံးစွဲ၍ ဤဖတ်ရလွယ် စာရွက်စာတမ်းကို ရေးသားထားပါသည်။ ဤပုံရိပ်များကို ခွင့်ပြုချက်မရှိဘဲ ပြန်လည်သုံးစွဲခြင်း မပြုနိုင်ပါ။ ဤပုံရိပ်များနှင့် ပတ်သက်ပြီး စုံစမ်းမှုများအတွက် အောက်ပါဝဘ်ဆိုဒ်တွင်ကြည့်ရှုပါ၊

www.informationaccessgroup.com။

နံပါတ် 6342 ကို ကိုးကားပါ။

---